# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၅/၂၀၀၅ )

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားက ပြည်ပတွင်ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခေါင်းပုံဖြတ်ခြင်းပြုရန် အလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည် -

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

**ရှင်းလင်းချက် (၁)။** ခေါင်းပုံဖြတ်ခြင်း ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ ပြုလုပ်ခြင်း၊ အဓမ္မအလုပ် ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကို ဖြစ်စေ၊ သူတစ်ပါး ခန္ဓာကိုယ်၏ အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကို ဖြစ်စေပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါ ဝင်သည်။

**ရှင်းလင်းချက် (၂)။** **ပြည့်တန်ဆာပြုခြင်း** ဆိုသည်မှာ ငွေကြေး၊ အကျိုးအမြတ် သို့မဟုတ် အခြားအဖိုးစားနား တစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ်ပေါ်ပေါက်ရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီအစဉ် ချမှတ် ဆောင်ရွက်ခြင်းကိုဆိုသည်။

**ရှင်းလင်းချက်(၃)။** **ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း** ဆိုသည်မှာ ကြွေးမြီ အတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီ အတွက် အာမခံပေးသည့် အနေဖြင့်ဖြစ်စေ အလုပ်လုပ် ကိုင် ပေးရမည့်ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီကျေသည်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက် မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကိုဆိုသည်။

(ခ) ညစ်ညမ်းသည့်ပုံပြသခြင်း ဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန်အလို့ငှာ ဖိုမ ဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ အမူအရာပြုလုပ်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူး ပြသခြင်း သို့မဟုတ် ခေတ်မီနည်းပညာတစ်ရပ်ရပ်အသုံးပြု၍ ပြသခြင်းကိုဆိုသည်။

(ဂ) လူကုန်ကူးခံရသူ ဆိုသည်မှာ လူကုန်ကူးမှုကျူးလွန်ခံရသူကို ဆိုလိုသည်။

(ဃ) ဂိုဏ်းအဖွဲ့ ကျူးလွန်သူအုပ်စု ဆိုသည်မှာ ငွေကြေးသို့မဟုတ် ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ

ရရှိရန် အလို့ငှာ ကြီးလေးသောပြစ်မှုကို ကျူးလွန်ရန် လူသုံးဦးနှင့်အထက်ပါဝင်၍ အချိန်ကာလတစ်ခုအတွက် ပုံစံတကျ ဖွဲ့စည်းထားသော အုပ်စုကို ဆိုသည်။

**ရှင်းလင်းချက်။** ပုံစံတကျဖွဲ့စည်းထားသောအုပ်စု ဆိုသည်မှာ ပြစ်မှုကို လတ်တလောကျူးလွန်ရန် ရည်ရွယ်ချက်မဲ့ ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းထားသည့်အုပ်စုကို ဆိုသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်နှင့် အုပ်စုတိုးချဲ့ဖွဲ့စည်းမှုအတွက် သတ်မှတ်ချက်များ နည်းလမ်းတကျ ရှိရန်မလို။

(င) **ကြီးလေးသောပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုကို ဆိုသည်။

(စ) **နိုင်ငံဖြတ်ကျော်မှုခင်း** ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ကျူးလွန်သော ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုတွင် ကျူးလွန်ထားသော ပြစ်မှု၏အရေးကြီးသော အစိတ်အပိုင်းများကို အခြားနိုင်ငံတစ်ခုခုတွင် ပြင်ဆင်ခြင်း၊ စီမံခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုသော ပြစ်မှုကိုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများသည် အခြားနိုင်ငံတစ်ခုခု၏ ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် ပါဝင်ခြင်းနှင့် နိုင်ငံတစ်ခုတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံတစ်ခုခုကို ထိခိုက်နစ်နာစေသော ပြစ်မှုကိုသော်လည်းကောင်းဆိုသည်။

(ဆ) **ထိန်းချုပ်ဖော်ထုတ်ခြင်း** ဆိုသည်မှာ တရားမဝင်သော သို့မဟုတ် သင်္ကာမကင်း ဖွယ်ရာဖြစ်သော ပစ္စည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၏ ပိုင်နက်နယ်မြေအတွင်းသို့ဖြစ်စေ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းတို့ကို စစ်ဆေးတွေ့ရှိ

သည့်အခါ အဓိကကျူးလွန်သူများအား ဖော်ထုတ် အရေးယူရန် အလို့ငှာ သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထိန်းချုပ်၍ ၎င်းတို့၏အစီအစဉ် အတိုင်းဆက်လက်ဆောင်ရွက်စေသည့် နည်းစနစ်ကိုဆိုသည်။

(ဇ) **ပစ္စည်း**ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် သက်ရှိသက်မဲ့ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရားဝင်စာတမ်း အမှတ်အသား၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် အကျိုးအမြတ်များပါဝင်သည်။

(ဈ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။

(ည) **ကလေးသူငယ်**ဆိုသည်မှာ အသက် ၁၆နှစ် မပြည့်သေးသောသူကိုဆိုသည်။

(ဋ) **လူငယ်**ဆိုသည်မှာ အသက် ၁၆နှစ် ပြည့်ပြီး အသက် ၁၈နှစ် မပြည့်သေးသူကို ဆိုသည်။

(ဌ) **ဗဟို**အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူကုန်ကူးမှု တားဆီး ကာကွယ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် တားဆီးကာကွယ် နှိမ်နင်းရန်၊

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ် စောင့်ရှောက်ရန်၊

(ဂ) လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူနိုင်ရန် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီး ကာကွယ်ရန်၊

(ဃ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက လက်ခံ ထားသောအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့ အစည်းအချင်းချင်း၊ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်။

## အခန်း (၃)
## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ (က) အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့က ဒုတိယဥက္ကဋ္ဌများအဖြစ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း အောက်ပါ ပုဂ္ဂိုလ်များအနက်မှ သင့်တော်သူများအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းရမည် -

(၁) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ အကြီးအကဲများ၊

(၂) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

(၃) သက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ။

(ခ) ဗဟိုအဖွဲ့ ဥက္ကဋ္ဌသည် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သူကို တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၆။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် အစိုးရအဖွဲ့သို့အကြံပြုတင်ပြခြင်း၊

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်သူများပါ ဝင်သောအဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် အခြေခံအချက်အလက်များရရှိနိုင်ရေးအတွက် လေ့လာစိစစ်ရေးအဖွဲ့နှင့် အကဲဖြတ်အဖွဲ့တို့ကို လိုအပ်သည့် ကျွမ်းကျင်သူများပါဝင်၍ ကဏ္ဍအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းများအတွက် လိုအပ်သောအစီအစဉ်များကို ချမှတ်ပေးခြင်း၊

(ဆ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကူအညီရယူခြင်း၊

(ဇ) ဤဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သလို ညွှန်ကြားခြင်း၊

(ဈ) ဤဥပဒေအရ သက်သေခံအဖြစ် သိမ်းဆည်းသောပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါက ဝရမ်းကပ် ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊ တရားစွဲဆိုသည့် ပြစ်မှုတွင် သက်ဆိုင်ရာ

တရားရုံးက ချမှတ်သော အပြီးသတ် ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ည) ဤဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း။

(ဋ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းအဖွဲ့များကို သင့်လျော်သည့်ပုဂ္ဂိုလ်များအဖြင့် ဖွဲ့စည်းရမည့် အပြင် အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းနိုင်သည် -

(က) ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊

(ခ) ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊

(ဂ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့။

## **အခန်း (၄)**
## **လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ**

၈။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဖွဲ့က အတည်ပြုထားသော စီမံချက်များနှင့်အညီ လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှု အန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိခြင်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊

(ဂ) လူကုန်ကူးမှု တားဆီးကာကွယ်ရေး အစီအစဉ်များချမှတ်ပြီး ပြည်တွင်းပြည်ပ ကွန်ရက်ထူထောင် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊

(ဃ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) လူကုန်ကူးမှုများကို ကြိုတင်တားဆီးကာကွယ်ရေးနှင့် ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့ ထူထောင်နိုင်ရန် ကြိုးကြပ်ဆောင်ရွက်ခြင်း၊

(စ) လူကုန်ကူးမှုများကို စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်း နည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) လူကုန်ကူးခံရပြီး မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံခြားသားများအား သတ်မှတ်ချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဈ) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ်များအား လိုအပ်သည့် လေ့ကျင့်ပညာပေးမှုများကို စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း၊

(ဋ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များ ချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့ထောက်ခံတင်ပြခြင်း၊

(ဌ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူကုန်ကူးမှုများကို တားဆီးကာကွယ်ခြင်းနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ရေးနှင့် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုတို့အတွက် သက်ဆိုင်သည့် အချက်အလက်များ၏ လုံခြုံမှုအဆင့်အတန်းသတ်မှတ်ရေးအတွက် လိုအပ်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီခိုင်လုံသော အထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့စေရေး အတွက် သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ တရားစွဲဆိုမှုများတွင် လူကုန်ကူးခံရသူများနှင့် သက်သေများ၏ လုံခြုံမှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် လူကုန်ကူးမှုများနှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးရန် သို့မဟုတ် အကူအညီရယူရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(င) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လိုအပ်သော သင်တန်းအစီအစဉ်နှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း၊

(ဇ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံပြီး ဇာတိနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာမိသားစု၏ အခြေအနေကို စုံစမ်းမှုပြုလုပ်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်ကူးခံရသူတို့အား ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းနှင့် အခြားလိုအပ်သော ကူညီထောက်ပံ့မှုပေးခြင်းတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်

အခွင့်အလမ်းများ ရရှိရေးတို့ကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှု၊ တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဤဥပဒေအရ တည်ထောင်ထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း၊

(စ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## **အခန်း (၅)**
## **လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း**

၁၁။ လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရန်အလို့ငှာ -

(က) သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေပါ လူကုန်ကူးမှုနှင့် စပ်လျဉ်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင် လူကုန်ကူးခံရသူသည် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရန် အများပြည်သူရှေ့တွင်မဟုတ်ဘဲ သီးသန့်ရုံးခန်း တွင် စစ်ဆေးစီရင်ရမည်။

(ခ) လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ မည်သည့်စုံစမ်းစစ်ဆေးမှု၊ တရားစွဲတင်မှုနှင့် တရားစီရင်မှုအဆင့်တွင် မည်သူမဆို သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ သတင်းဖြန့်ချိရမည်။

(ဂ) ဤအမှုနှင့် မသက်ဆိုင်သူများကို အမှုတွဲပါ စာရွက်စာတမ်းများ ကြည့်ရှုကူးယူခွင့် မပြုရ။

၁၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူမှာ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ ဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရန် လိုအပ်ချက်သည့် အစီအစဉ် ဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

၁၃။ ဗဟိုအဖွဲ့သည် -

(က) လူကုန်ကူးခံရသူအား ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူခြင်း မပြုရ၊

(ခ) လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လူကုန်ကူးခံရသူအား အရေးယူရန် သင့် မသင့် ဆုံးဖြတ်ပေးရမည်။

(ဂ) ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူကုန်ကူးခံရသူမှာ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် ရရှိသူဖြစ်ပါက ယင်းအား အမြဲတမ်းနေထိုင်ခွင့်ရရှိရေး လုံခြုံရေးနှင့် ၎င်း၏အခြေအနေအဆင့်အတန်းအတွက် ကာကွယ်ပေးရမည်။

၁၄။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူ၏ ဘဝလုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည့်အပြင် ၎င်းတို့အား နေရပ်သို့ပြန်လည်ပို့ဆောင်ရေးနှင့် အခြေချနေထိုင်ရေးတို့ကို ၎င်းတို့၏ဆန္ဒနှင့်အညီ ဖြစ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးရမည်။

၁၅။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှု ကျူးလွန်သူကို တရားစွဲဆိုသည့် စစ်ဆေးစီရင်မှုတွင် သက်သေခံချက်ပေးမည့် လူကုန်ကူးခံရသူ နိုင်ငံခြားသားအား မြန်မာနိုင်ငံတွင် ယာယီနေထိုင်ခွင့်ပြုရေးနှင့် စစ်ဆေးပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း

၁၆။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသည် လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များနှင့် စပ်လျဉ်း၍ -

(က) ယင်းတို့၏ ဂုဏ်သိက္ခာနှင့် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေခြင်းကို အထူးကာကွယ်စောင့်ရှောက်ရမည့်အပြင် လိုအပ်သော လုံခြုံမှုနှင့် အကူအညီများကို ပေးရမည်။

(ခ) ယင်းတို့အတွက် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိပါက မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် ဆောင်ရွက်ပေးရမည်။

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် အခြေအနေမပေးသည့် အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ရန် မသင့်လျော်သောအခြေအနေရှိသည့် အခါတွင်ဖြစ်စေ အခြားသင့်လျော်၍ လုံခြုံစိတ်ချရသည့် ကာကွယ်စောင့်ရှောက်မှု များကို စီစဉ်ပေးရမည်။

(ဃ) အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ၄င်းတို့၏ ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုမှု၊ လွတ်လပ်စွာရွေးချယ်မှုတို့ကို အလေးထား၍ စီစဉ်ဆောင်ရွက် ပေးရမည်။

(င) ယင်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည် ကုစားပေးခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း၊ ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေး ခြင်းနှင့် ဆေးဝါးကုသပေးခြင်းတို့ကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။

(စ) ယင်းတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်းဖြင့် အကာအကွယ်ပေးရမည်။

၁၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူများအား ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုနေသည့် ကာလအတွင်းတွင်ဖြစ်စေ၊ လူကုန်ကူးခံရသူက လူကုန်ကူးခံရမှုကြောင့် မတရားနစ်နာဆုံးရှုံးရခြင်းအတွက် နစ်နာကြေးရရှိလိုမှု စွဲဆိုနေသည့်ကာလအတွင်းတွင်ဖြစ်စေ၊ လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ၏ လုံခြုံမှုနှင့် အခြားလိုအပ်သည့် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမည်။

၁၈။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ထမ်းဆောင်သော ပုဂ္ဂိုလ်များကို လိုအပ်သည့် သင်တန်းများနှင့် လေ့ကျင့်မှုများ ပြုလုပ်ပေးရန် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၇)
## လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း

၁၉။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ လူမှုအသိုင်းအဝိုင်း အတွင်းသို့ ပြန်လည်ဝင်ဆံ့စေခြင်း၊ ပြန်လည်ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည် -

(က) လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့်ညှိနှိုင်းမှုများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) လူကုန်ကူးခံရသူများ ယာယီနေထိုင်ရန် လုံခြုံမှုရှိသော နေရာ သို့မဟုတ် သင့်လျော်သည့် နေအိမ်စီစဉ်ပေးခြင်း၊

(ဂ) လူမှုရေးဆိုင်ရာ ပြန်လည်ပျိုးထောင်ပေးခြင်း၊

(ဃ) လူကုန်ကူးခံရသူက မိမိ၏နစ်နာမှုအတွက် တရားမကြောင်းစွဲဆိုမှုတွင် လိုအပ်ပါ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေအရာရှိအား အမှုတွင် လိုက်ပါဆောင်ရွက်ပေးရန် ရှေ့နေချုပ်ရုံးသို့ မေတ္တာရပ်ခံပေးခြင်း သို့မဟုတ် စကားပြန်ဖြင့် ကြားနာစစ်ဆေးနိုင်ရန် အကူအညီပေးခြင်း၊

(င) လူကုန်ကူးခံရသူက သက်သေခံချက်ပေးသည့်အခါတွင်ဖြစ်စေ၊ အမှုရင်ဆိုင်သည့် အခါတွင်ဖြစ်စေ၊ လုံခြုံရေးအစီအစဉ်များ ချမှတ်ပေးခြင်းနှင့် အခြားရထိုက်သည့် အခွင့်အရေးများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) လူကုန်ကူးခံရသူ၏ သဘောတူညီချက်ဖြင့် ဆေးစစ်ပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊

(ဆ) လူကုန်ကူးခံရသူများ၏ ဘဝရပ်တည်နိုင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကြောင်းပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများစီစဉ်ပေးခြင်း။

၂၀။ ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံးများမှ တာဝန်ရှိသူများသည် ပြည်ပနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားများအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို နိုင်ငံတော်က ကျခံနိုင်သည်။

## အခန်း (၈)
## ရန်ပုံငွေထူထောင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးခံရသူများ ပြည်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန်အလို့ငှာ -

(က) နိုင်ငံတော်က ထောက်ပံ့သော ငွေကြေးနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေကြေးများကို ရန်ပုံငွေ တစ်ရပ်အဖြစ် ထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သော ပစ္စည်းများနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ပစ္စည်းများကို လက်ခံ၍ လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

၂၃။ ဗဟိုအဖွဲ့သည် -

(က) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထောက်ပံ့လှူဒါန်းထားသော ပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း လုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိချမှတ်မည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၅။ မည်သူမဆိုဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှင်း စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ခံ ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦးအား မွေးစားခြင်း သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်း၊

(ခ) လူကုန်ကူးခံရသူကို ပြည်ပသို့ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင် ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်းအထောက်အထား၊ စာတမ်းအမှတ်အသား သို့မဟုတ် တံဆိပ်ကိုအတုပြုလုပ်ခြင်း သို့မဟုတ် တရားမဝင်ရယူပေးခြင်း၊

၂၇။ မည်သူမဆို ညစ်ညမ်းသည့်ပုံ ပြသခြင်းပြုရေးအတွက် လူကုန်ကူးခံရသူကို ခိုင်းစေပြီး သို့မဟုတ် စီစဉ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၈။ မည်သူမဆို -

(က) ပုဒ်မ ၂၄ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်အနှစ် ၂၀ မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ ပါလူကုန်ကူးမှုကို ဂိုဏ်းအဖွဲ့ ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(ဂ) ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၉။ မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ပါကြီးလေးသော ပြစ်မှုကိုလည်း ကျူးလွန်ကြောင်းထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ် မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေးနှင့် ပစ္စည်းတစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်းပြုကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုပြုပြီးလျှင် ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၃။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်း အဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့်ချမှတ်ရမည်။

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးမှ သို့မဟုတ် ပစ္စည်းရောင်းရငွေမှ ဖြစ်စေ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခြင်းခံရသူအား နစ်နာကြေးပေးသည့်အမိန့် ချမှတ်နိုင်သည်။

## အခန်း (၁၀)

## အထွေထွေ

၃၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ရမည်။

၃၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ လူကုန်ကူးမှုနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ